Chin Human Rights Organization
ချင်းလူ့အခွင့်အရေးအဖွဲ့

# အင်ဒိုနီးရှားစစ်လက်နက်ထုတ်လုပ်သူများ
# မြန်မာနိုင်ငံသို့ တရားမဝင်စစ်လက်နက်ရောင်းချဟု စွပ်စွဲခံရ
## စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် အာဏာပိုင်များအား တောင်းဆို

### ချက်ချင်းဖြန့်ဝေရန် မီဒီယာထုတ်ပြန်ချက်

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက်၊ ဂျာကာတာမြို့** - အင်ဒိုနီးရှားဥပဒေနှင့် နိုင်ငံတကာဥပဒေများကို ချိုးဖောက်ကာ မြန်မာစစ်အုပ်စုအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောင်းချခဲ့နိုင်ကြောင်း စွပ်စွဲချက်ဖြင့် နိုင်ငံပိုင်စစ်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီ ၃ ခုဖြစ်သည့် PT Pindad၊ PT PAL နှင့် PT Dirgantara Indonesia တို့အပေါ် အရပ်ဘက်အဖွဲ့အစည်းများနှင့် အင်ဒိုနီးရှားရှေ့နေချုပ်ဟောင်းတို့က အင်ဒိုနီးရှား လူ့အခွင့်အရေးကော်မရှင်ထံ တိုင်ကြားချက်တစ်စောင် တင်သွင်းလိုက်ပြီ ဖြစ်သည်။

ချင်းလူ့အခွင့်ရေးအဖွဲ့ (CHRO)၊ မြန်မာနိုင်ငံတာဝန်ခံမှုစီမံချက် (MAP) နှင့် မာဇူကီ ဒါရူစမန် တို့က အသေးစိတ်တိုင်ကြားချက်တစ်စောင်ကို ယနေ့ တင်သွင်းခဲ့ပြီး၊ အင်ဒိုနီးရှား လူ့အခွင့်အရေးကောင်စီ အနေဖြင့် စုံစမ်းစစ်ဆေးမှုများလုပ်ဆောင်ရန် တောင်းဆိုထားသည်။ စွပ်စွဲချက်များတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း အပါအဝင် ပြီးခဲ့သည့် ဆယ်စုနှစ်အတွင်း မြန်မာစစ်အုပ်စုထံ ပစ္စတိုသေနတ်များ၊ ချေမှုန်းရေးရိုင်ဖယ်များ၊ ခဲယမ်းမီးကျောက်များ၊ တိုက်ခိုက်ရေး သုံးယာဉ်များနှင့် အခြားပစ္စည်းများကို အရောင်းမြှင့်တင်ခြင်းနှင့် ရောင်းချခဲ့သည်ဟု သံသယဖြစ်ဖွယ်ရာ များ ပါဝင်သည်။

အင်ဒိုနီးရှားရှေ့နေချုပ်ဟောင်း မာဇူကီ ဒါယူစမန်၏ အဆိုအရ "အဲဒီ ကုမ္ပဏီတွေဟာ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းတွေ ဖြစ်တဲ့အတွက် အင်ဒိုနီးရှားအစိုးရရဲ့ တိုက်ရိုက်ထိန်းချုပ်မှုအောက်မှာရှိပြီး၊ အစိုးရရဲ့ ကြီးကြပ်ကွပ်ကဲမှုနဲ့ ခွင့်ပြုချက်တွေကို ရယူရပါတယ်။ ရိုဟင်ဂျာတွေအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု စစ်ဆင်ရေးနဲ့ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်းမှာ ကာကွယ်ရေးပစ္စည်းတွေကို ရောင်းချပေးဖို့ တက်တက်ကြွကြွ အရောင်းမြှင့်တင်ခဲ့တယ်ဆိုတဲ့အချက်က နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနဲ့ လူသားချင်းစာနာထောက်ထားမှုဥပဒေတွေအရ လိုက်နာရမယ့်တာဝန်တွေကို အင်ဒိုနီးရှားအစိုးရအနေနဲ့

လိုက်နာဖို့ စိတ်ဆန္ဒရှိရဲ့လားဆိုတဲ့အပေါ် အလေးအနက် စိုးရိမ်၊ သံသယဖြစ်စေတဲ့ အကြောင်းရင်း တစ်ရပ် ဖြစ်ပါတယ်။ အင်ဒိုနီးရှားလူ့အခွင့်အရေးကော်မရှင်အနေနဲ့ စုံစမ်းစစ်ဆေးဖို့ လုပ်ပိုင်ခွင့်ရှိပြီး၊ ဒါကို လုပ်ဆောင်ဖို့အတွက်လည်း မိမိအနေနဲ့ တိုက်တွန်းပါတယ်” ဟု ပြောကြားခဲ့သည်။

လျှို့ဝှက်ပေါက်ကြားလာသည့် စာရွက်စာတမ်းများနှင့် အများပြည်သူသိရှိနိုင်သည့် သတင်းအချက်အလက်များမှတဆင့် စုံစမ်းလေ့လာမှုအရ အဆိုပါစစ်လက်နက်ရောင်းချမှုများကို ထူးထူးရှိန်ဦး ပိုင်ဆိုင်သည့် မြန်မာကုမ္ပဏီ True North Company Limited မှတဆင့် ကြားခံပွဲစားလုပ်ကာ ဆောင်ရွက်ခဲ့ဖွယ်ရှိကြောင်း သိရှိရသည်။ ထူးထူးရှိန်ဦးသည် အမေရိကန်ပြည်ထောင်စု၊ ကနေဒါနှင့် အီးယူတို့က ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည့် မြန်မာစစ်အုပ်စု၏ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ ဝင်းရှိန်၏ သားဖြစ်သည်။ ယခုတိုင်ကြားချက်တင်သွင်းသူများအနေဖြင့် True North Company နှင့် ၎င်း၏ ပိုင်ရှင်များအပေါ် မြန်မာစစ်အုပ်စု၏ စစ်လက်နက်ပွဲစားများအဖြစ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ရန် အစိုးရများကို တိုက်တွန်းတောင်းဆိုပါသည်။

ပုဂ္ဂလိက ကုမ္ပဏီဖြစ်သည့် True North က မြန်မာစစ်အုပ်စုနှင့် အင်ဒိုနီးရှား နိုင်ငံပိုင် လက်နက်ကုမ္ပဏီများအကြား သဘောတူညီချက်များရရှိရန် စေ့စပ်ညှိနိုင်းပေးသည့် ကဏ္ဍကို တာဝန်ယူထားသည်။ ယင်းအချက်မှာ အဂတိလိုက်စားမှုများရှိနိုင်သည် ဆိုသည့် သံသယကို မြင့်တက်စေသည့်အတွက် အင်ဒိုနီးရှား အာဏာပိုင်များအနေဖြင့် စုံစမ်းစစ်ဆေးသင့်သည်။

စွပ်စွဲထားသည့် အချို့လက်နက်ရောင်းချမှုများ ပြုလုပ်စဉ်အချိန်တွင် အင်ဒိုနီးရှားနိုင်ငံသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး၊ “မြန်မာနိုင်ငံသို့ စစ်လက်နက်စီးဆင်းမှုအား ကာကွယ်ရန် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး” အပေါ် တောင်းဆိုသည့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်ကို ထောက်ခံမဲပေးခဲ့သည့် အာဆီယံလေးနိုင်ငံမှ တစ်နိုင်ငံဖြစ်ခဲ့သည်။

မြန်မာနိုင်ငံတာဝန်ခံမှုစီမံချက်၏ ဒါရိုက်တာ ခရစ်ဂန်းနက်စ်က “ကျနော်တို့ စုံစမ်းလေ့လာမှုတွေက အံ့အားသင့်ဖွယ် စံနှစ်မျိုးရပ်တည်ချက်တွေကို ညွှန်းဆိုနေတဲ့ စိတ်ပျက်ဖွယ်သက်သေအထောက်အထားတွေကို ရရှိထားပါတယ်။ မြန်မာနိုင်ငံဟာ ရက်စက်ကြမ်းကြုတ်တဲ့ ရာဇဝတ်မှုတွေ၊ နှိပ်စက်ညှဉ်းပန်းမှုတွေကို အကြီးအကျယ်ဖြစ်ပေါ်နေပြီး လူ့အခွင့်အရေး အခြေအနေဟာ ဆိုးချင်တိုင်းကို ဆိုးရွားပျက်ပြားနေပါတယ်။ အင်ဒိုနီးရှားလူ့အခွင့်အရေးကော်မရှင်ရဲ့ စုံစမ်းစစ်ဆေးမှုတစ်ရပ်က မရှိမဖြစ် လိုအပ်ပါတယ်။ အင်ဒိုနီးရှားဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးရဲ့ လတ်တလောစီရင်ချက်တစ်ခုမှာ ကမ္ဘာလုံးဆိုင်ရာတရားစီရင်ပိုင်ခွင့် ပြစ်မှုတွေအတွက် မီးစိမ်းပြသခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံအတွင်း

တာဝန်ခံမှုရှိရေးအတွက် ဒေသတွင်းကြိုးပမ်းမှုများဆောင်ရွက်ဖို့၊ မြန်မာစစ်အုပ်စုအပေါ် စွဲဆိုထားတဲ့ အမှုတွေကို ဂျာကာတာတရားရုံးတွေမှာ ကြားနာမယ်ဆိုရင် အင်ဒိုနီးရှားအနေနဲ့ သေချာကိုင်တွယ်ဖို့ တောင်းဆိုထားပါတယ်။ အခုတိုင်ကြားချက်နဲ့ အခြေခံဥပဒေတရားရုံးရဲ့ တောင်းဆိုချက်တွေကို ကျွန်ုပ်တို့ ပြန်လည်ဖြေကြားလိုက်ပါတယ်။"

ချင်းလူ့အခွင့်အရေးအဖွဲ့၏ ဒုတိယညွှန်ကြားရေးမှူး ဆလိုင်း ဇအုပ်လိန်းက "ကုလသမဂ္ဂလုံခြုံရေး ကောင်စီနဲ့ အထွေထွေညီလာခံတို့က မြန်မာပြည်သူတွေအတွက် တရားမျှတမှုရှာဖွေရေး ဆောင်ရွက်ဖို့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေအပေါ် မျှော်လင့်နေတုန်းမှာပဲ၊ အချိန်နှင့်အမျှဆိုသလို မြန်မာ့လူ့အခွင့်အရေး ကပ်ဘေးက ဆိုးရွားလာနေပါတယ်။ အင်ဒိုနီးရှားအာဏာပိုင်တွေအနေနဲ့ စုံစမ်းစစ်ဆေးမှုတစ်ရပ် လုပ်ဆောင်ပြီး၊ အရှေ့တောင်အာရှက သူတို့ရဲ့ ညီအစ်ကို မောင်နှမတွေ တရားမျှတမှုရရှိရေးအတွက် တရားရုံးတွေ ဖွင့်လှစ်ပေးဖို့ တောင်းဆိုပါတယ်။ နိုင်ငံရေးအရ ဖြစ်နိုင်ခြေ အလွန်နည်းပါးတဲ့ အခြေအနေမှာ တရားရုံးတွေအနေနဲ့ တစုံတရာလုပ်ဆောင်ဖို့အချိန်တန်ပါပြီ" ဟု ပြောကြားခဲ့သည်။

***

သတင်းအချက်အလက်များ ပိုမိုသိရှိရန်နှင့် အင်တာဗျူးမေးမြန်းခြင်းများအတွက် ဆက်သွယ်ရန် -

Marzuki Darusman: marzukidarusman@yahoo.com
Salai Za Uk Ling: zauk@chinhumanrights.org
Feri Amsari of Themis Indonesia, which filed the complaint: feriamsari@gmail.com
Chris Gunness: chris.gunness@the-world-is-watching.org

***